# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# (၂၅) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်

## (၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ ရက်)

## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို မွန်းလွဲ ၁၄း၂၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၄း၂၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး ရှိတဲ့အနက် ၃၇၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၅၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၂-၃-၂၀၁၃ ရက်နေ့မှာ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့မှာခွင့်ပန်ကြားသူများရဲ့ စာရင်း များကို လွှတ်တော်အခွင့်အရေးကော်မတီကိုယ်စား ကျွန်တော် ဦးအောင်ဆန်းမှ စုစည်းတင်ပြ ခွင့်ပြု ပါခင်ဗျား။

(၁) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း၊

(၂) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး၊

(၃) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း၊

(၄) ရမ်းပြဲမဲဆန္ဒနယ်မှ ဦးဘထီး၊

(၅) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး၊

(၆) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း၊

(၇) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ၊

(၈) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၊

(၉) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ)ဦးတင်ဌေးအောင်၊

(၁၀) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး၊

(၁၁) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင်၊

(၁၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၊

(၁၃) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်၊

(၁၄) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး၊

(၁၅) ဒလမဲဆန္ဒနယ်မှ ဦးလှထွန်းဦး၊

(၁၆) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင်၊

(၁၇) မိုင်းဆတ်မဲန္ဒနယ်မှ ဦးစိုင်းခတ္တိယ၊

(၁၈) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို၊

(၁၉) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း၊

(၂၀) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ၊

(၂၁) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၊

(၂၂) နန်းယွန်းမဲဆန္ဒနနယ်မှ ဦးဇင်းဝမ်၊

(၂၃) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၊

(၂၄) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း၊

(၂၅) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်၊

(၂၆) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၊

(၂၇) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင်၊

(၂၈) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်၊

(၂၉) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို၊

(၃၀) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင်၊

(၃၁) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၊

(၃၂) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင်၊

(၃၃) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊

(၃၄) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း၊

(၃၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးခင်စိုး၊

(၃၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးလင်းအောင်၊

(၃၇) ကြည့်မြင်တိုင်မဲနွနယ်မှ ဦးသန်းစိန်၊

(၃၈) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန်၊

(၃၉) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေတို့ရဲ့ ခွင့်ပန်ကြားမှုကို ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တင်ပြသူ ၃၉ ဦး အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဂျော်ဒန်နိုင်ငံ Ramtha မြို့ CMJ အထည်ချုပ်စက်ရုံတွင် သွားရောက်လုပ်ကိုင်နေသော မြန်မာ အလုပ်သမားများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ဟသ်ာတမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးဖြစ်ပြီး ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားတဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီ အနေနဲ့ မိမိတို့နိုင်ငံသားတွေရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးများ အပြည့် အဝရရှိဖို့အတွက် ပြည်သူတွေရဲ့ တင်ပြချက်တွေအပေါ် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးမှုတွေကို နေ့စဉ် ဆောင်ရွက်ပေးနေတဲ့အပြင် ကော်မတီကိုတင်ပြခြင်းမရှိသော်လည်းဘဲ ပြည်သူများအတွင်းပေါ်ပေါက် နေတဲ့ဖြစ်စဉ် ဖြစ်ရပ်တွေပေါ်မူတည်ပြီး မိမိတို့နိုင်ငံသားများရဲ့ အခွင့်အရေးတွေ မဆုံးရှုံးရအောင် လေ့လာပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံတွေမှာပါ သွားရောက်နေကြတဲ့ မိမိနိုင်ငံသားတွေရဲ့ အခွင့်အရေး တွေရရှိစေဖို့အတွက်လည်းပဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာလည်း နိုင်ငံရပ်ခြားမှာ သွားရောက်လုပ်ကိုင်နေကြတဲ့ ရွှေ့ပြောင်းအလုပ် သမားများအတွက် ရသင့်ရထိုက်တဲ့အခွင့်အရေးတွေ မဆုံးရှုံးစေဖို့ရည်ရွယ်ပြီး နိုင်ငံတော်အနေနဲ့ Labour Migration Policy ချမှတ်ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှာ

အဆိုပြုတင်ပြပြီး ဩဂုတ်လ ၉ ရက်၊ ၁၀ ရက်နေ့တွေမှာ ဆွေးနွေးအတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့လည်း မြန်မာနိုင်ငံသား အလုပ်သမားများအတွက် ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ဆုံးရှုံးမှုမရှိစေရေးအတွက် Labour Migration Policy ရေးဆွဲဖို့အတွက် ဆောင်ရွက်လျက်ရှိနေကြောင်းသိရတဲ့အပြင် Labour Migration Policy ရေးဆွဲနေဆဲကာလမှာလည်း ပြည်ပနိုင်ငံတွေမှာရှိနေကြတဲ့ အလုပ်သမားတွေအတွက် ဝန်ကြီးဌာနများ ညှိနှိုင်းပေါင်းစပ်ပြီး ဖြေရှင်းဆောင်ရွက်ပေးနေမှုများအတွက် ကျွန်တော်တို့ အားလုံးဝမ်းမြောက်ဂုဏ်ယူလျက်ရှိကြောင်းကိုလည်း ဦးစွာပြောကြားလိုပါတယ်။ နိုင်ငံရပ်ခြားမှာ သွားရောက်လုပ်ကိုင်နေကြတဲ့ မြန်မာနိုင်ငံသားအလုပ်သမားတွေအတွက် နိုင်ငံတော်အစိုးရက အလေးထားဖြေရှင်းပေးနေစဉ်ကာလအတွင်းမှာပဲ ဂျော်ဒန်နိုင်ငံ Ramtha မြို့ CMJ အထည်ချုပ်စက်ရုံမှာ သွားရောက်လုပ်ကိုင်နေကြတဲ့ မြန်မာအလုပ်သမား ၁၃၀၀ ခန့်ကလုပ်ခ၊ လစာတိုးမြှင့်ပေးရေး၊ လူသားချင်းတန်းတူညီမျှ အဆင့်အတန်းမခွဲဘဲဆက်ဆံရေးစတဲ့ အလုပ်သမားအခွင့်အရေးများကို တောင်းဆိုဆန္ဒပြခဲ့တယ်ဆိုတဲ့ သတင်းကိုလည်းပဲ ကြားသိခဲ့ရပါတယ်။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ကစတင် ဆန္ဒပြခဲ့ကြပြီး မတ်လ ၂ ရက်နေ့မှာတော့ အလုပ်ရှင်ဘက်က အလုပ်ပြန်ဆင်းဖို့အတွက် အတင်းအကြပ်ခေါ်ယူရာကနေပြီး မြန်မာအမျိုးသမီး ၄ ဦး ထိခိုက်ဒဏ်ရာရမှုရှိကြောင်း ဂျော်ဒန်နိုင်ငံမှာ မြန်မာနိုင်ငံဆိုင်ရာသံရုံးမရှိတဲ့အတွက် မြန်မာအလုပ်သမားများအနေနဲ့ ပေါ်ပေါက်လာနေတဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ အခက်အခဲရှိနေကြကြောင်းကိုလည်းကြားသိရပါတယ်။ မြန်မာအလုပ်သမားများအနေနဲ့ နိုင်ငံရပ်ခြားကို နည်းလမ်းအမျိုးမျိုးနဲ့ သွားရောက်လုပ်ကိုင်လျက်ရှိနေကြတဲ့နေရာမှာ ဘယ်နည်းလမ်းနဲ့ပဲ သွားရောက်လုပ်ကိုင်သည်ဖြစ်စေ အခွင့်အရေးဆုံးရှုံးမှုတွေအတွက် နိုင်ငံတော်မှ အလေးထားဆောင်ရွက်လျက်ရှိနေကြောင်းကိုလည်ပဲ ကျွန်တော့်အနေနဲ့ယုံကြည်ပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ဂျော်ဒန်နိုင်ငံလို မြန်မာနိုင်ငံသံရုံးမရှိသေးတဲ့နိုင်ငံမှာ ဖြစ်ပွားနေမှုတွေအတွက် သွားရောက်လုပ်ကိုင်လျက်ရှိနေကြတဲ့ မြန်မာတိုင်းရင်းသားများရဲ့ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေတွေနဲ့ နည်းတူ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့် ဂျော်ဒန်နိုင်ငံ Ramtha မြို့ CMJ အထည်ချုပ်စက်ရုံမှာ ဖြစ်ပွားနေဆဲဖြစ်သော အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားတောင်းဆိုမှု ဖြစ်စဉ်များနှင့်ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါကြယ်ပွင့်ပြမေးခွန်းများအား မေးမြန်းလိုပါကြောင်း တင်ပြအပ်ပါတယ်။

(က) ဂျော်ဒန်နိုင်ငံ Ramtha မြို့ CMJ အထည်ချုပ်စက်ရုံမှာ ဖြစ်ပွားနေဆဲဖြစ်သော မြန်မာနိုင်ငံအလုပ်သမားများနှင့် အလုပ်ရှင်တို့ရဲ့ အငြင်းပွားတောင်းဆိုမှုဖြစ်စဉ်များနှင့် ပတ်သက်ပြီး နိုင်ငံတော်အစိုးရက ဖြေရှင်းပေးမှုရှိပါသလား။

(ခ ) ဖြေရှင်းပေးမှုရှိပါက မည်သို့ဖြေရှင်းဆောင်ရွက်ပေးနေပါသလဲ။

(ဂ ) နိုင်ငံရပ်ခြားသို့ သွားရောက်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများအတွက် ရသင့်ရထိုက်သော အခွင့်အရေးများရရှိစေရေးအတွက် ရေးဆွဲနေတဲ့ Labour Migration Policy နှင့်ပတ်သက်ပြီး တိုးတက်မှုအခြေအနေကိုလည်း သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်ဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ဧည့်သည်တော်များကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး၏ မေးခွန်းနှင့်ပတ်သက်၍ တင်ပြလိုပါတယ်။ ဂျော်ဒန်နိုင်ငံ Ramtha မြို့ CMJ အထည်ချုပ်စက်ရုံတွင် ဖြစ်ပွားဆဲဖြစ်သော အလုပ်ရှင်နှင့် မြန်မာအလုပ်သမား များအကြား အငြင်းပွားမှုကို နိုင်ငံတော်အစိုးရက အဖက်ဖက်မှ နည်းမျိုးစုံဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဖြစ်စဉ်မှာ ဂျော်ဒန်နိုင်ငံ Ramtha မြို့ Century Miracle အထည်ချုပ်စက်ရုံ၌ ၁၄-၂-၂၀၁၃ ရက်နေ့တွင် စက်ရုံမှ ကျွေးမွေးသည့် နေ့လယ်စာတွင်ပါရှိသော ပဲဟင်းစားသုံးပြီးနောက် အခန့်မသင့်၍ မြန်မာလူမျိုး ၃၀ ခန့်နှင့် မီဒါဂါစကားလူမျိုး အလုပ်သမား ၁၀၀ ခန့်ဝမ်းသွားခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်ပြီး မြန်မာအလုပ်သမားများ စက်ရုံအပြင်ဖက်တွင် စုဝေးဆန္ဒပြခဲ့ခြင်းဖြစ်ပါတယ်။ ထို့နောက် မြန်မာအလုပ်သမားများက ဘာသာစကားမတူညီမှုကြောင့် ကြုံတွေ့ရသည့် အခက်အခဲများကို ဖြေရှင်းပေးရန်၊ အစားအစာများအဆင်ပြေမှုရှိစေရေး ဆောင်ရွက်ပေးရန်၊ Supervisor

များတွင် မြန်မာများခန့်ထားပေးရန်၊ အခြေခံလစာတိုးမြှင့်ပေးရန်တို့ကို အဓိကထားတောင်းဆိုခဲ့ပါတယ်။

စက်ရုံစီမံခန့်ခွဲမှုအဖွဲ့နှင့်ညှိနှိုင်းခဲ့ရာမှာ အခြားတောင်းဆိုချက်များအား လိုက်လျောပေးမည်ဟု ပြောကြားခဲ့သော်လည်း အခြေခံလစာ အမေရိကန်ဒေါ်လာ ၁၅၅ မှ ၂၀၀ သို့ တိုးမြှင့်သတ်မှတ်ပေးရန် တောင်းဆိုမှုမှာ ညှိနှိုင်းမရရှိသဖြင့် မြန်မာအလုပ်သမားများ အလုပ်မဆင်းဘဲ နေခဲ့ကြပါတယ်။ အဆိုပါ စက်ရုံတွင် လူမျိုး ၇ မျိုးအလုပ်လုပ်ကိုင်လျက်ရှိသည့်အနက် မြန်မာအလုပ်သမား ၁၃၀၀ ဦးရှိပြီး မြန်မာအလုပ်သမားများ တောင်းဆိုသည့် အချက်များအနက်မှ လစာတိုးပေးရန်မှာ မဖြစ်နိုင်ကြောင်း၊ အခြားအချက်များကို အဆင်ပြေအောင် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ မြန်မာအလုပ်သမားများ၏ လစာနှင့်ပတ်သက်၍ ဂျော်ဒန်နိုင်ငံသို့ မရောက်လာခင် မြန်မာနိုင်ငံတွင် သဘောတူစာချုပ်လက်မှတ် ရေးထိုးစဉ်ကတည်းက ထည့်သွင်းဖော်ပြထားသည်ကို သဘောတူ၍ လာရောက်ခြင်းဖြစ်ကြောင်း၊ အခြားနိုင်ငံသားများလည်း အလားတူ အမေရိကန်ဒေါ်လာ ၁၅၅ ကိုသာရရှိပါကြောင်း၊ အဆိုပါ လစာအား ILO နှင့် ညှိနှိုင်းသတ်မှတ်ထားခြင်းဖြစ်ပါကြောင်း၊ အလုပ်ဆက်လက်လုပ်ကိုင်ရန် ဆန္ဒမရှိပါက စက်ရုံမှလေယာဉ်လက်မှတ်များ ဝယ်ပေးမည်ဖြစ်ကြောင်း၊ ပြန်လိုသည့်လူများ နိုင်ငံကူးလက်မှတ်များလာရောက်ပေးရန် စက်ရုံစီမံခန့်ခွဲမှု မန်နေဂျာမှသံရုံးသို့ ဆက်သွယ်ပြောကြားခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မတို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် ယနေ့အချိန်အထိ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှတစ်ဆင့် ဂျော်ဒန်နိုင်ငံသို့ အလုပ်သမားစေလွှတ်မှုအား ဆောင်ရွက်ခြင်းမရှိသလို ယခုသွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားများသည် တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများ ဖြစ်ကြောင်းတွေ့ရှိရပါတယ်။ သို့သော် မိမိတို့အနေဖြင့် ပြည်ပသို့တရားဝင်သည်ဖြစ်စေ၊ တရားမဝင်သည်ဖြစ်စေ သွားရောက်အလုပ်လုပ်ကိုင်နေသော အလုပ်သမားများအား အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပါတယ်။ ပြည်ပနိုင်ငံများတွင် ပြဿနာဖြစ်ပွားပါက တရားဝင်သွားရောက်သော အလုပ်သမားများကိုစွသည် တရားမဝင်သွားရောက်သူများထက် ဖြေရှင်းရလွယ်ကူပြီး၊ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုများရှိပါကြောင်းကိုလည်း တင်ပြလိုပါတယ်။ ယခု ဂျော်ဒန်နိုင်ငံရှိ မြန်မာအလုပ်သမားများ ဆန္ဒပြမှုနှင့် ပတ်သက်ပြီးပြောရမယ်ဆိုရင် ဂျော်ဒန်နိုင်ငံတွင် မြန်မာသံရုံးဖွင့်လှစ်

ထားခြင်းမရှိပါသဖြင့် ယခု အလုပ်သမားကိစ္စပေါ်ပေါက်လာသည့်အခါ နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်ဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ဆက်သွယ်ညှိနှိုင်းပြီး ဂျော်ဒန်နိုင်ငံနှင့် အနီးစပ်ဆုံးဖြစ်သော အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှတစ်ဆင့် ထိုပြဿနာကို ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာသံရုံး၏ ညှိနှိုင်း ဆောင်ရွက်ပေးချက်အရ (၁) စက်ရုံတာဝန်ခံမှ စားရေးသောက်ရေးအဆင်ပြေစေရန်အတွက် မြန်မာ စားဖိုမှူး ၄ ဦးခန့် ထားပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ အစားအသောက်များ မှာယူချက်ပြုတ် ပေးမည်ဖြစ်ကြောင်း၊ ဘာသာစကား အခက်အခဲပြေလည်စေရန် မြန်မာလူမျိုးကြီးကြပ်ရေးမှူး များကိုလည်း ခန့်ထားပေးမည်ဖြစ်ကြောင်း၊ အလုပ်သမားများ၏ အခြေခံလစာအား တိုးမြှင့်မပေးသော် လည်း အခြားခံစားခွင့်အား တိုးမြှင့်ပေးရန်အတွက် စဉ်းစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြန်မာ အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်စေလိုပါကြောင်း ပြောကြားခဲ့ပါတယ်။

ဆန္ဒပြ မြန်မာအလုပ်သမားများသည် မတ်လ ၃ ရက်နေ့အထိ အလုပ်ခွင်သို့ ဝင်ရောက်ခြင်း မရှိဘဲ ၂-၃-၂၀၁၃ ရက်နေ့တွင် အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်လိုသည့် အလုပ်သမားများအား ဆန္ဒပြသူများမှ ဝိုင်းဝန်းပိတ်ဆို့သည့်အတွက် အပြန်အလှန်တွန်းဆွဲမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ မြန်မာ အလုပ်သမား အမျိုးသမီး ၄ ဦး အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့ပါကြောင်း၊ ဆန္ဒပြအလုပ်သမား ခေါင်းဆောင်တစ်ဦးမှ ပြောကြားရာတွင် စက်ရုံအုပ်ချုပ်ရေးမှူးများမှာ အိပ်ဆောင်များအတွင်း ဝင်ရောက်၍ အလုပ်ဆင်းရန်ခေါ်ယူရာမှ ဂျော်ဒန်နိုင်ငံသားအလုပ်သမားများမှစတင် အကြမ်းဖက် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့ပါကြောင်း သိရှိရပါတယ်။ ဒဏ်ရာရရှိသွားတဲ့ အလုပ်သမား များအား ဂျော်ဒန်လူမျိုးအလုပ်သမားများမှ ရိုက်နှက်သည်ဟု ဆန္ဒပြအလုပ်သမားများမှ ရဲစခန်းသို့ တိုင်ကြားထားပါတယ်။ ဂျော်ဒန်အလုပ်သမားရုံးမှ တစ်ဦးလိုက်ပါဆောင်ရွက်ပေးလျက်ရှိပြီး ရဲတပ်ဖွဲ့ နှင့် အလုပ်သမားရုံးမှ တာဝန်ရှိသူများနှင့် စက်ရုံအုပ်ချုပ်ရေးအဖွဲ့တို့ ဆွေးနွေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ဂျော်ဒန်နိုင်ငံ၏ အလုပ်သမားဥပဒေတွင် အလုပ်သမားများ ဆန္ဒပြလိုလျှင် ၁၄ ရက် ကြိုတင်၍ အလုပ်ရှင်ထံ ခွင့်ပြုချက်တောင်းခံရမည်။ ခွင့်ပြုမိန့်မရရှိပါက ၄၈ နာရီအတွင်း လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန်နှင့် မဝင်ရောက်ပါက ပထမရက်တွင် ဂျော်ဒန်ဒေါ်လာ ၅၀၊ နောက်ရက်များတွင် တစ်ရက်လျှင် ဂျော်ဒန် ၅ ဒေါ်လာအား အလုပ်သမားမှ ပြစ်ဒဏ်အနေဖြင့် ပေးဆောင်ရမည့်အပြင် ဆန္ဒပြသည့်ရက်များတွင် လစာပေးမည်မဟုတ်ကြောင်းပါရှိတာကို တွေ့ရှိရပါတယ်။ မြန်မာသံရုံး၏

ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ မိမိတို့ဝန်ကြီးဌာန၏ အလုပ်သမားပို့ဆောင်သည့် အေဂျင်စီနှင့်သော်လည်းကောင်း၊ ဆန္ဒပြအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများနှင့်လည်းကောင်း၊ ဆက်သွယ်၍သော်လည်းကောင်း၊ သတင်းအချက်အလက်များ ရယူဆောင်ရွက်ခြင်း၊ တရားမဝင် အလုပ်သမားပို့ဆောင်သော ကိုယ်စားလှယ်မှ ဂျော်ဒန်နိုင်ငံသို့သွားရောက်၍ ဖြေရှင်းဆောင်ရွက်ပေးခြင်းတို့ကြောင့် လုပ်ခလစာတိုးမြှင့်ရေးမှအပ ကျန်အချက်များအား ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ မြန်မာသံရုံး၏ ဆက်သွယ်ညှိနှိုင်းပေးချက်အရ ၇-၃-၂၀၁၃ ရက်နေ့တွင် မြန်မာအလုပ်သမား ၁၀၀ ကျော်ခန့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ၎င်းနေ့ညနေတွင် ဂျော်ဒန်နိုင်ငံ အလုပ်သမားဝန်ကြီးဌာနနှင့် International Labour Organization (ILO)တို့မှ ကိုယ်စားလှယ်များ၊ မြန်မာအလုပ်သမားဘက်မှ ကိုယ်စားလှယ် ၃၀ ဦး၊ စက်ရုံမှတာဝန်ရှိသူများနှင့် စက်မှုဇုန်မန်နေဂျာတို့ပါဝင် ညှိနှိုင်းချက်အရ ကျင်းပပြုလုပ်ခဲ့ပြီး အခြေခံလစာ၏ ၆ ရာခိုင်နှုန်းတိုးမြှင့်ပေးမှုကို အလုပ်ရှင်နှင့် မြန်မာအလုပ်သမား နှစ်ဦးနှစ်ဘက်သဘောတူညီခဲ့ကြပါတယ်။ တိုးမြှင့်ပေးတဲ့လစာမှာ လုပ်သက်နှစ်အလိုက် အခြေခံလစာ အပေါ်တွင် ၆ ရာခိုင်နှုန်းတိုးမြှင့်ပေးခဲ့သဖြင့် လုပ်သက်တစ်နှစ်အောက်ရှိသော အလုပ်သမားများအား အမေရိကန် ဒေါ်လာ ၁၆၄.၄၆၊ လုပ်သက် ၁ နှစ်မှ ၂ နှစ်ရှိသူများကို အမေရိကန်ဒေါ်လာ ၁၇၁.၉၃၊ လုပ်သက် ၂ နှစ်မှ ၃ နှစ်ရှိသူများကို အမေရိကန်ဒေါ်လာ ၁၇၉.၄၇၊ လုပ်သက် ၃ နှစ်မှ ၄ နှစ်ရှိသူများကို အမေရိကန်ဒေါ်လာ ၁၈၆.၈၉ နှင့် လုပ်သက် ၄ နှစ် အထက်ရှိသူများကို အမေရိကန်ဒေါ်လာ ၁၉၄.၃၆ သို့ တိုးမြှင့်ရရှိစေခဲ့သည့်အပြင် ချုပ်လုပ်သည့် အထည်အရေအတွက် အပေါ်တွင် မူတည်၍ Bonus ကိုလည်း ၅ ရာခိုင်နှုန်း ထပ်မံတိုးမြှင့်ပေးခဲ့ပါတယ်။ ၉-၃-၂၀၁၃ ရက်နေ့ စနေနေ့မှစ၍ မြန်မာအလုပ်သမား ၃၀၀ ကျော် ပြန်လည်အလုပ်ဝင်ရောက်ခဲ့ကြပြီး ၁၀-၃-၂၀၁၃ ရက်နေ့တွင် အလုပ်သမား ၈၀၀ ခန့် ပြန်လည်ဝင်ရောက်ခဲ့ပါတယ်။ ၁၁-၃-၂၀၁၃ ရက်နေ့မှာတော့ အလုပ်သမား ၁၀၀၀ ဦးခန့် အလုပ်ပြန်လည်ဝင်ရောက် အလုပ်လုပ်ကိုင်လျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာတော့ ကိုယ်ပိုင်မိသားစုပြဿနာများကြောင့် မြန်မာနိုင်ငံသို့ ပြန်လာလိုသူ အချို့ရှိသကဲ့သို့ အလုပ်ဆက်လက် လုပ်ကိုင်လိုခြင်းမရှိဘဲ ပြန်လိုသည့် အလုပ်သမားများလည်း ရှိနေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။ မြန်မာနိုင်ငံသို့ ပြန်လာလိုသူများ အဆင်ပြေချောမွေ့စွာ ပြန်လာနိုင်ရေးနှင့် အလုပ်သမားများ၏ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိနိုင်ရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးနှင့် ဒုတိယညွှန်ကြားရေးမှူးတစ်ဦးကို ဂျော်ဒန်နိုင်ငံ

သို့ စေလွှတ်ပါတယ်။ ပြဿနာများ အေးဆေးစွာနှင့် ကောင်းမွန်စွာ ကူညီဆောင်ရွက်ပေးနိုင်မှုအတွက် ပြေလည်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အလုပ်သမားများ၏ အမည်၊ အဖအမည်နှင့် မြန်မာနိုင်ငံ၏ နေရပ်လိပ်စာများယူဆောင်ခဲ့ပြီး ကုမ္ပဏီများ၏ အမည်စာရင်းများကို တစ်ပါတည်း ယူဆောင်ခဲ့ပါတယ်။ အားလုံးကို အဆင်ပြေအောင် အချိန်ပြည့် ဆောင်ရွက်လျက် ရှိပါတယ်။ ဂျော်ဒန်နိုင်ငံရှိ မြန်မာအလုပ်သမားများ ဆန္ဒပြခဲ့မှုနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ဂျော်ဒန်နိုင်ငံတွင် မြန်မာသံရုံးဖွင့်လှစ်ထားခြင်းမရှိ၍ ယခုကဲ့သို့ အလုပ်သမားရေးရာကိစ္စပေါ်ပေါက်ချိန်တွင် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်အရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ညှိနှိုင်း ပြီး ဂျော်ဒန်နိုင်ငံနှင့် အနီးစပ်ဆုံးဖြစ်သော အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှတစ်ဆင့် ဆောင်ရွက် ခြင်း၊ အလုပ်သမားပို့ဆောင်သည့် အေဂျင်စီ၊ ဆန္ဒပြသော မြန်မာအလုပ်သမားများ၏ မိသားစုဝင်များ နှင့် ဆက်သွယ်၍ သတင်းအချက်အလက်များ ရယူဆောင်ရွက်ခြင်း၊ အလုပ်သမားပို့ဆောင်ပေးသော ကိုယ်စားလှယ်မှ ဂျော်ဒန်နိုင်ငံသို့ သွားရောက် ဖြေရှင်းဆောင်ရွက်ခြင်းတို့ကြောင့် အလုပ်သမားများ၏ တောင်းဆိုချက်များမှ အများစုအား အလုပ်ရှင်မှ လိုက်လျောမှုများ ရရှိခဲ့ခြင်းဖြစ်ပါကြောင်း တင်ပြ အပ်ပါတယ်ရှင်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးမှ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် နိုင်ငံရပ်ခြား၌ သွားရောက် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများအတွက် ဘဝအာမခံချက် လုံခြုံမှုရရှိစေရေးအတွက် Migration Policy အား ချမှတ်ဆောင်ရွက်နိုင်ပါရန်အဆိုပြုလာခြင်း အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါတယ်။ ရွှေ့ပြောင်း သွားလာခြင်း ဆိုင်ရာမူဝါဒရေးဆွဲနေမှုနှင့် ပတ်သက်ပြီး တင်ပြရမယ်ဆိုရင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းဆိုင်ရာ မူဝါဒချမှတ်နိုင်ရေးအတွက် နိုင်ငံတကာစံများနှင့် လက်ရှိကျင့်သုံးလျက်ရှိသော ပြည်ပအလုပ်အကိုင် ဆိုင်ရာမူဝါဒတို့အပေါ် အခြေခံပြီး Labour Migration Policy မူကြမ်းရေးဆွဲခဲ့ပါတယ်။ မူဝါဒတစ်ရပ်အတည်ပြုနိုင်ရေးအတွက် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေး ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလုပ်သမားရေးရာဆိုင်ရာ ဝန်ကြီးများ၊ ရွှေ့ပြောင်းအလုပ်သမားရေးရာကျွမ်းကျင်သူပညာရှင်များ၊ ရွှေ့ပြောင်းသွားလာလုပ်ကိုင်

ခြင်းနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ၊ အာဆီယံ ရွှေ့ပြောင်းလုပ်သားများအဖွဲ့ (Task Force on ASEAN Migrant Workers) နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ အိုင်အယ်လ်အိုရုံးခွဲ (ILO Regional Office for Asia and the Pacific) တို့မှ တာဝန်ရှိသူများနှင့် ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သူများဖြင့် အလုပ်ရုံဆွေးနွေးပွဲများ အကြိမ်ကြိမ်ကျင်းပပြုလုပ်ဆွေးနွေးခဲ့ပြီး နောက်အခိက ၉ ချက်ပါသော ရွှေ့ပြောင်းလုပ်သားလုပ်ကိုင်ခြင်းဆိုင်ရာ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းဆိုင်ရာ မူဝါဒ Labour Migration Policy တစ်ရပ်ကို ရရှိခဲ့ပါတယ်။ မူဝါဒ ၉ ချက်ကတော့-

(၁) ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းရယူခြင်း၊ သုတေသနနှင့် လေ့လာရေးလုပ်ငန်းစဉ်များဆောင်ရွက်ခြင်း၊

(၂) ပြည်တွင်း၊ ပြည်ပအလုပ်သမားဈေးကွက် ဖွံ့ဖြိုးတိုးတက်စေခြင်း၊

(၃) ပြည်ပအလုပ်အကိုင်ရှာဖွေရန် တရားဝင်လမ်းကြောင်းများခွင့်ပြုပေးပြီး သွားလာမှု လွယ်ကူစေခြင်း၊

(၄) ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့်ပတ်သက်ပြီး လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်များ လျှော့ချခြင်း၊

(၅) ရွှေ့ပြောင်းအလုပ်သမားများ အခြေခံအခွင့်အရေးများ ရရှိစေခြင်း၊

(၆) ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေခြင်း၊

(၇) ရွှေ့ပြောင်းသွားလာခြင်းမှ အတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့် အသိပညာများရရှိစေခြင်းဖြင့် ပြန်လည်မျှဝေပေးနိုင်ခြင်း၊

(၈) ရွှေ့ပြောင်းအလုပ်သမားများ အရေးကိစ္စတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပရှိ လူမှုအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၉) ရွှေ့ပြောင်းသွားလာခြင်းသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မဟာဗျူဟာ၏ တစ်စိတ်တစ်ဒေသ ဖြစ်စေခြင်းတို့ဖြစ်ပါတယ်။

အဆိုပါမူဝါဒ ၉ ချက်ကို နိုင်ငံတော်သမ္မတရုံးမှ အတည်ပြုချက်ရရှိပြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါတယ်။ မူဝါဒကို အကောင်အထည်ဖော်ရေးအတွက် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ၅ နှစ်စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။ ကျွန်မတို့ ဝန်ကြီးဌာနအနေဖြင့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းဆိုင်ရာမူဝါဒအား ရေးဆွဲအကောင်အထည်မဖော်မီ အချိန်ကတည်းက ပြည်ထောင်စုအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးထားသော သက်ဆိုင်ရာ ဝန်ကြီးဌာနများပါဝင်တဲ့ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှုများ ပေးထားလျက်ရှိပါတယ်။ ထိုင်းနိုင်ငံတွင် အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား အထောက်အထားထုတ်ပေးရေးလမ်းစဉ်သည် ထင်သာမြင်သာရှိတဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ နယ်စပ်မြို့များမှ တစ်ဆင့် ထိုင်းနိုင်ငံသို့ MOU စနစ်ဖြင့် အလုပ်သမားအသစ်များစေလွှတ်နေသကဲ့သို့ ထိုင်းနိုင်ငံအတွင်း၌ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်း ၁၁ ခု ဖွင့်လှစ်ပြီးတော့ အထောက်အထားမဲ့ မြန်မာအလုပ်သမားကို အထောက်အထားများ ထုတ်ပေးလျက်ရှိပါတယ်။ ထိုင်းနိုင်ငံနှင့် ကိုးရီးယားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများ ခန့်ထားဆောင်ရွက်လျက်ရှိသကဲ့သို့ မကြာမီကာလမှာ မလေးရှားနိုင်ငံတွင်လည်းထားရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်သမားအများဆုံး သွားရောက်တဲ့ အလုပ်လုပ်ကိုင်လျက်ရှိသော နိုင်ငံများတွင် အလုပ်သမားသံအရာရှိများထားရှိနိုင်ရေးအတွက် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိတွင် သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများက မြန်မာအလုပ်သမားများနှင့်ပတ်သက်သည့် ပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမည့်လုပ်ငန်းနှင့်အတူ ကဏ္ဍပေါင်းစုံကိန်းဂဏန်းအချက်အလက်များ တစ်ပါးတည်းကောက်ယူမှတ်တမ်းတင်ရေး နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုမေးမြန်းဖို့ဖြစ်ပါတယ်။

**သူရဦးအောင်ကို (ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ၂၀၁၄ ခုနှစ်၊

ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမည့်လုပ်ငန်းနှင့်အတူ ကဏ္ဍပေါင်းစုံ၏ ကိန်းဂဏန်း အချက်အလက်များ တစ်ပါးတည်းကောက်ယူမှတ်တမ်းတင်ရေးဆောင်ရွက်နိုင်ခြင်း ရှိမရှိ ကြယ်ပွင့်ပြ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ၂၀၁၀-၂၀၁၁ ခုနှစ် လူဦးရေကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ၅၃.၄ သန်းဟု ခန့်မှန်းတွက်ချက်ထားရှိခဲ့ပါတယ်။ ကျွန်တော်တို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကတော့ ၅၉.၈ သန်းလို့ ခန့်မှန်းတွက်ချက် ထားရှိပါတယ်။ ဒါကြောင့်မို့လို့ လူဦးရေကိန်းဂဏန်းတွေဟာ ကွာဟနေပါတယ်။ အဲဒီအခြေအနေအရ ပြည်လုံးကျွတ်သန်းစာရင်းကောက်ယူတဲ့လုပ်ငန်းကို ၂၀၁၄ ခုနှစ်၊ မတ်လမှာ အမျိုးသားအဆင့် ဆောင်ရွက်မှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ စုစုပေါင်း လုပ်အားပေးဝန်ထမ်း ရာပေါင်း များစွာဝိုင်းပြီးတော့ ငွေကျပ်သန်းပေါင်းများစွာ သုံးစွဲကုန်ကျနေကြောင်းလည်း လေ့လာသိရှိရပါတယ်။ အဲဒီလုပ်ငန်းနှင့်အတူ ကဏ္ဍပေါင်းစုံ ကိန်းဂဏန်းအချက်အလက်များကို တစ်ပါးတည်း ကောက်ယူ မှတ်တမ်းတင်သွားရန် ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိ။ ဆောင်ရွက်နိုင်ခွင့်ရှိ၊ မရှိ မေးမြန်းခဲ့ခြင်းဖြစ်ပါတယ်။

သို့သော်လည်း ပြီးခဲ့တဲ့ရက်က ပြည်ထောင်စုလွှတ်တော်မှာ သန်းခေါင်စာရင်းနှင့်ပတ်သက်တဲ့ ဥပဒေကိုလာရောက်ရှင်းပြတဲ့အခါမှာ သန်းခေါင်စာရင်းနဲ့ ဆက်နွယ်နေတဲ့ လုပ်ငန်းများကိုသာ ပူးတွဲ ဆောင်ရွက်ခွင့်ရှိပြီးမှ အခြားလုပ်ငန်းများဆောင်ရွက်ခွင့်မရှိလို့သိခဲ့ရပါတယ်။ သို့သော်လည်းပဲ ကျွန်တော် ဒီမေးခွန်းကိုဖြင့် ဆက်လက်မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်ပြီးတော့မှ မေးမြန်းလိုတာရှိပါတယ်။ ကျွန်တော်တို့ အခုအမှန်ရှိနေတဲ့ မိုးစပါးနှင့် နွေစပါး စိုက်ဧကနှင့် အထွက်နှုန်းကိုလည်း ပြန်လည်တိုင်းတာတွက်ချက်ဖို့လိုအပ်ပါတယ်။ ပြီးခဲ့တဲ့ ၁၀ နှစ်၊ ၁၅ နှစ် ခေတ်အဆက်ဆက်မှာ ခုနက မိုးစပါးစိုက်ဧကဟာ ၁၇ သန်း၊ နွေစပါးစိုက်ဧကဟာ ၃ သန်း၊ စုစုပေါင်းစပါးစိုက်ဧက သန်း ၂၀ လို့တောက်လျှောက်ကြေညာခဲ့ပါတယ်။ နောက်တစ်ခါလည်း ပန်းတိုင်အထွက်တိုးနှုန်းဟာလည်းပဲ တစ်ဧကကို စပါးတင်း ၇၀ ကနေ ၇၅ တင်းလို့ ကြေညာခဲ့ပါတယ်။ နိုင်ငံသား လူဦးရေကိုတော့ သန်း ၆၀ လို့ခန့်မှန်းတွက်ချက်ထားပြီးတော့မှ နိုင်ငံသားတစ်ဦးရဲ့ တစ်နှစ် ဝမ်းစာဟာ ၁၅ တင်းလို့ မှတ်သားထားရှိခဲ့ပါတယ်။ အကယ်၍သာ အဲဒီစိုက်ဧက အဲဒီအထွက်နှုန်း အဲဒီဝမ်းစာနှင့် တွက်လို့ရှိရင် လွန်ခဲ့သော ၁၀ နှစ်၊ ၁၅ နှစ်ကတည်းက ကျွန်တော်တို့ နိုင်ငံသည် တစ်နှစ်ကို ဆန်တန်ချိန် ၅ သန်းလောက်ထုတ်လုပ်ရောင်းချနိုင်မယ့် အခြေအနေရှိပါတယ်။ သို့သော် နှစ်စဉ်ဆန်တန်ချိန် ၁၀၀၀၀၀ တောင်မှ အနိုင်နိုင်ရောင်းခဲ့တာရှိပါတယ်။ ဒါဘာ့ကြောင့်လည်းဆိုရင် အကြောင်းအချက်ပေါင်း များစွာရှိနေသော်လည်းပဲ အခြေခံအကြောင်းအချက်ကတော့ စိုက်ဧကနှင့်

အထွက်နှုန်း ကွာခြားမှုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေကို ပြန်လည်တိုင်းတာတွက်ချက် ကောက်ယူဖို့လိုအပ်ပြီးလို့ယူဆပါတယ်။ အလားတူပဲ စိုက်ပျိုးရေးနှင့် ဆက်စပ်ပြီးတော့မှ ဆည်တမံနှင့် မြစ်ရေတင်စီမံကိန်းများကနေပြီးမှ အမှန်ရေသွင်းစိုက်ပျိုးနိုင်တဲ့ ဧကကိုလည်းပဲ တိုင်းတာတွက်ချက်ဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့နိုင်ငံတော်ဟာ ပွင့်လင်းမြင်သာတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နေတဲ့ကာလဖြစ်ပါတယ်။ ကိန်းဂဏန်းစာရင်းဇယားများကလည်း နောက်ဆုံးအခြေအနေနဲ့ကိုက်ညီမှန်ကန်ဖို့ အထူးလိုအပ်ပါတယ်။ ဒါမှသာလျှင် ချမှတ်ထားတဲ့ စီမံကိန်းများဟာ အောင်မြင်မှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့မှ အလုပ်အကိုင်နှင့် ဆင်းရဲနွမ်းပါးမှု အပိုင်းကိုလည်း မေးမြန်းတင်ပြလိုပါတယ်။ အဲဒီမှာ ပြည်ပနိုင်ငံများသို့ ထွက်ခွာအလုပ်လုပ်နေတဲ့ ဦးရေကောက်ယူဖို့လိုအပ်ပါတယ်။ ခုနက အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ထွက်ခွာပြီး အလုပ်လုပ်ကိုင်တဲ့ဦးရေဟာ ၃ သန်းကျော်ရှိတယ်လို့ ပြည်တွင်းစာနယ်ဇင်းများအရ သိရှိရပါတယ်။ ဒါဟာ ခန့်မှန်းချက်သာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဒေသအလိုက် ကျန်ရှိနေတဲ့ အလုပ်လက်မဲ့ဦးရေဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ တစ်ရက်လျှင် ဝင်ငွေ ၂ ဒေါ်လာသို့မဟုတ် ၃ ဒေါ်လာနှင့်ညီမျှတဲ့ ကျပ်ငွေထက်နည်းတဲ့ လုပ်ခရရှိတဲ့ ဆင်းရဲနွမ်းပါးသူ ဦးရေဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအပိုင်းကတော့ ဆင်းရဲနွမ်းပါးမှုကို ၃၆ ရာခိုင်နှုန်းကနေ ၂၆ ရာခိုင်နှုန်းသို့ လျှော့ချနေကြောင်း မကြာခဏ သတင်းများထုတ်ပြန်လျက်ရှိပါတယ်။ ဒီကိစ္စနှင့် ပတ်သက်ပြီးတော့လည်း ပြည်တွင်းမှာရော၊ ပြည်ပကပါ ဝေဖန်မှုမျိုးစုံနဲ့ကြားနေရပါတယ်။ မြန်မာလူဦးရေ သန်း ၆၀ ဆိုပါစို့။ အဲဒီအထဲကနေပြီးမှ ၆၅ ရာခိုင်နှုန်း၊ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်မှာနေတဲ့ တောင်သူလယ်သမားများနှင့် ၎င်းတို့မှီခိုနေတဲ့ ဆက်နွယ်နေတဲ့ မိသားစုများဖြစ်ပါတယ်။ ကျန်တဲ့ ၃၀ ရာခိုင်နှုန်းကျော်ခန့်တော့ မြို့ပြမှာဖြစ်ပါတယ်။ မြို့ပြနေထိုင်သူများအနေနဲ့ကတော့ ပြန်ကြည့်လို့ရှိရင်လည်းပဲ ခုနက လက်လုပ်လက်စား၊ ကျပန်း၊ နေ့စားအလုပ်သမားများဦးရေကလည်းပဲ ၃၀ ရာခိုင်နှုန်းကျော်ရှိနေပါတယ်။ ဒါကို ပြန်ပြီးတော့ တွက်ချက်လို့ရှိရင် မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှု ရာခိုင်နှုန်းသည် ၃၆ ရာခိုင်နှုန်း၊ ၂၆ ရာခိုင်နှုန်း မဖြစ်နိုင်ကြောင်း ၆၃ ရာခိုင်နှုန်းဆိုတော့ နီးစပ်နိုင်ကြောင်းဝေဖန်မှုတွေဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ အမှန်စာရင်းများကိုလည်း မြေပြင်ကိုက်ညီအောင် ကောက်ယူဖို့အချိန်ရောက်ပြီလို့ ကျွန်တော်တို့ ထင်မြင်ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်းရဲနွမ်းပါးမှုတိုင်းတာနဲ့နေရာမှာ ခုနက ဝင်ငွေတစ်ခုတည်းပေါ်မှာ မူမတည်ဘဲနဲ့ အခမဲ့ မူလတန်းပညာရေး သင်ကြားခွင့်ရ၊ မရ။ အခြေခံပညာကျန်းမာရေး စောင့်ရှောက်မှုရ၊ မရ။ သန့်ရှင်းတဲ့ သောက်သုံးရေရှိ၊ မရှိ။ ရ၊ မရ။ နောက် သန့်ရှင်းတဲ့ နေရာထိုင်ခင်းရှိ၊ မရှိ။ ဒါတွေပေါ်လည်းမူတည်ပြီးမှ တွက်ချက်ရမှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ပညာရေး၊ ကျန်းမာရေး ကဏ္ဍကို မေးမြန်းတင်ပြလိုပါတယ်။ အခြေခံပညာမူလတန်းအဆင့် စာတတ်မြောက်သူအရေအတွက် ကျွန်တော်တို့ ၂၀၁၀ ခုနှစ် ကိန်းဂဏန်းများအရ မြန်မာနိုင်ငံရဲ့ စာတတ်မြောက်သူဦးရေဟာ ၉၅ ရာခိုင်နှုန်းကျော်ရှိတယ်လို့ ဖော်ပြခဲ့ပါတယ်။ အဲဒီတုန်းက ကယားပြည်နယ်ဆိုလို့ရှိရင် ၉၈ ရာခိုင်နှုန်းကျော်ရှိနေပြီးလို့ ဒါဖော်ပြခဲ့တာမှတ်သားရပါတယ်။ ယခုဆိုရင် ကယားပြည်နယ်သည် ရာခိုင်နှုန်းပြည့်ကျော်လွန် စာတတ်နေတဲ့ သဘောမျိုးရောက်နေပါပြီ။

နောက်တစ်ခုက ကျောင်းစာသင်ခန်းများသို့ ရောက်ရှိလာတဲ့ ကျောင်းနေအရွယ် ကလေးတွေရဲ့ အရေအတွက် ရာခိုင်နှုန်း ဒါကိုလည်း ကိန်းဂဏန်းကောက်ယူဖို့ လိုအပ်ပါပြီ။ ဒီမှာတစ်ခု ဆက်စပ်တင်ပြလိုပါတယ်။ ကနေ့ ကမ္ဘာမှာ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတွေထဲကနေပြီးမှ လူဦးရေ သန်း ၂၀ နှင့် သန်း ၂၀ အောက်သာရှိတဲ့ ဆွီဒင်၊ နော်ဝေ၊ ဒိန်းမတ်၊ ဖင်လန်စတဲ့ နိုင်ငံတွေမှာသာ စာတတ်မြောက်တဲ့ ဦးရေဟာ ၉၀ ရာခိုင်နှုန်းအထက်မှာရှိပါတယ်။ ကျန်တဲ့ဖွံ့ဖြိုးနေတဲ့ ဥရောပနိုင်ငံများ၊ အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံအများစုမှာဆိုလို့ရှိရင် စာတတ်မြောက်သူဦးရေဟာ ၉၀ ရာခိုင်နှုန်းအောက်နှင့် ပျမ်းမျှ ၇၅ ရာခိုင်နှုန်းအောက်ရှိကြောင်းလည်း ခုနက ပြည်ပစာနယ်ဇင်းများအရ လေ့လာမှတ်သား သိရှိရပါတယ်။ ဒါကြောင့်မို့လို့ စာတတ်မြောက်သူဦးရေကိုလည်း ပြန်လည်ဆန်းစစ်သင့်ကြောင်း မေးမြန်းတင်ပြလိုပါတယ်။

ကျန်းမာရေးအပိုင်းအနေနဲ့ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများသို့ အမှန်ရောက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်အရေအတွက် ရာခိုင်နှုန်း ဒါကတော့ ချင်းပြည်နယ်ကိုအခြေခံ ပြီးတော့မှ မေးမြန်းခြင်းဖြစ်ပါတယ်။ ချင်းပြည်နယ်မှာရှိတဲ့ တိုက်နယ်ဆေးရုံအများစုမှာ အမှန်တကယ် ရောက်ရှိ တာဝန်ထမ်းနေတဲ့ ဆရာဝန်တချို့သည် ၁၀ ရာခိုင်နှုန်းမပြည့်ပါ။ ကျန်တဲ့ တိုက်နယ်ဆေးရုံအလိုက်ကို ဆရာဝန်များ ခန့်အပ်တာဝန်ပေးမှုအမိန့်တွေထွက်ပါတယ်။ အချို့လည်း ဆရာဝန်များရောက်ရှိလာပါတယ်။ တစ်ပတ်၊ ၁၀ ရက်နေပြီးလို့ရှိရင် ပြန်ဆင်းသွားကြပါတယ်။ နောင် လုံးဝပြန်ရောက်မလာတော့ပါဘူး။ အချို့လည်း အမိန့်ထွက်ကတည်းကကို လုံးဝကို ရောက်မလာကြပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ချင်းပြည်နယ်မှာရှိတဲ့ ကျေးရွာများမှာနေတဲ့ ပြည်သူအများစုကတော့ ဆရာဝန်များသည်

သူတို့အတွက် မမီတဲ့ပန်းတွေဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ သေချာတဲ့ ကျန်းမာရေးမှူး၊ သူနာပြုနဲ့ သားဖွားဝန်ထမ်းတွေကို ရွာတိုင်းစေ့မှာရှိအောင် ခန့်ပေးစေလိုတဲ့ဆန္ဒများ၊ ချင်းတိုင်းရင်းသားများ အပါအဝင် ကျန်တဲ့ တိုင်းရင်းသားများရှိနေမယ်ဆိုတာ ကျွန်တော် ယုံကြည်မျှော်လင့်ပါတယ်။ ဒါကြောင့်မို့လို့ တိုးချဲ့ဖွင့်လှစ်ပေးရန်လိုအပ်တဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ အရေအတွက်၊ တိုးချဲ့ ခန့်အပ်ပေးသင့်သော ကျန်းမာရေးမှူး၊ သူနာပြုနှင့် သားဖွားဝန်ထမ်းအရေအတွက်ကိုလည်း မေးမြန်း တင်ပြလိုပါတယ်။

ဆက်လက်ပြီးတော့မှ ပို့ဆောင်ဆက်သွယ်ရေးအပိုင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို အဓိကကျတဲ့ အခြေခံအချက်တစ်ချက်ကတော့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ဖို့ဆိုတာ အားလုံးအသိပါပဲ။ ဒါကြောင့်မို့လို့ ကျေးရွာနှင့် မြို့ဆက်သွယ်သော လမ်းများနှင့် ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်ပေးရန် လိုအပ်သော မြို့နယ်ကျေးရွာများစာရင်းလည်း ဒါ နိုင်ငံတော်အဆင့် ကောက်ယူဖို့လိုအပ်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။ အလားတူပဲ ကျေးလက် စာတိုက်၊ ကြေးနန်းရုံးနှင့် ကြိုးမဲ့တယ်လီဖုန်းတွေ တည်ဆောက်တပ်ဆင်ပေးရန် လိုအပ်တဲ့ ရွာများ စာရင်းကိုလည်းပဲ ကောက်ယူဖို့လိုအပ်မှာဖြစ်တယ်လို့ ကျွန်တော်တို့ ယုံကြည်ဖို့မို့လို့ ဒါကိုလည်း မေးမြန်းတင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ ဒေသတစ်ခုလျှင် ထွက်ကုန်တစ်မျိုး မြေပေါ်အုပ်စု တစ်ခု သို့မဟုတ် ဒေသတစ်ခုမှာ စီးပွားဖြစ်ထုတ်လုပ်နိုင်မယ့် စိုက်ပျိုးရေးထွက်ကုန် သို့မဟုတ် အသေးစား စက်မှုလက်မှုထုတ်ကုန် တစ်မျိုးမျိုးကို စုပေါင်းထုတ်လုပ်နိုင်မည့် အခြေအနေနှင့် နိုင်ငံတော်အစိုးရမှ မတည်ပံ့ပိုးပေးနိုင်မည့် အရင်းအနှီးနှင့် နည်းပညာလိုအပ်ချက်ကိုလည်း ဒါ ကွင်းဆင်းတိုင်းတာတွက်ချက်ဖို့သင့်ပါတယ်။ ကျွန်တော်တို့ ဆင်းရဲနွမ်းပါးမှုလျှော့ချတဲ့ လုပ်ငန်းတွေ လုပ်ဆောင်တဲ့နေရာမှာ ချေးငွေသက်သက်ပေးရုံနဲ့တော့ အောင်မြင်မှုကတော့ နည်းပါးနေတာဖြစ်ပါ တယ်။ ချေးငွေများများပေးလေ အကြွေးများတင်လေ ကိန်းစိုက်ဖို့များနေပါတယ်။ ဒါကြောင့်မို့လို့ ဆင်းရဲနွမ်းပါးမှုက အမှန်လွတ်မြောက်ဖို့ဆိုလို့ရှိရင်တော့ အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ် ပေးခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်ကြောင်းလည်းတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံကိန်းဂဏန်း စာရင်းဇယားများ တိကျမှန်ကန်ပါမှ ထိရောက် အကျိုးရှိတဲ့ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်နှင့် နိုင်ငံသားများ အတွက်လည်းပဲ ဖွံ့ဖြိုးတိုးတက်မှု၊ ကြွယ်ဝချမ်းသာမှု အကျိုးတရားများ အမှန်ရရှိနေမှာ ဖြစ်ပါတယ်။ တစ်ဖက်ကလည်း ဆင်းရဲနွမ်းပါးမှုကိုလည်းပဲ အမှန်လျှော့ချသွားနေမှာဖြစ်ပါတယ်။ သို့ပါ၍ ခုနက

သန်းခေါင်စာရင်းကောက်ယူရေး အမျိုးသားရေးလုပ်ငန်းနှင့်အတူ ယှဉ်တွဲလုပ်ဆောင်လို့ မရခဲ့ရင် တောင်မှ သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့ ကျွန်တော်တင်ပြခဲ့ပါ စိုက်ပျိုးရေး၊ အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေး၊ ပို့ဆောင်ဆက်သွယ်ရေး နောက် ဒေသထွက်ကုန်စတဲ့ လုပ်ငန်းကဏ္ဍတွေမှာ သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့ နောက်ဆုံးအခြေအနေနဲ့ ကိုက်ညီတဲ့ ကိန်းဂဏန်းစာရင်းဇယား များ ကောက်ယူရန်အစီအစဉ် ရှိ၊ မရှိ။ သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်မှတစ်ဆင့် လေးစားစွာ မေးမြန်းလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည် တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန် ကောင်းတောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမြင့်ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုရဲ့ ကြယ်ပွင့်ပြမေးခွန်း ဖြစ်သည့် ၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမည့်လုပ်ငန်းနှင့်အတူ စိုက်ပျိုးရေး ကဏ္ဍ၊ အလုပ်အကိုင်နှင့် ဆင်းရဲနွမ်းပါးမှု၊ ပညာရေး၊ ကျန်းမာရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဒေသတစ်ခုလျှင် ထွက်ကုန်တစ်မျိုး အစရှိသော ကဏ္ဍပေါင်းစုံ၏ ကိန်းဂဏန်း အချက်အလက်များ တစ်ပါတည်းကောက်ယူမှတ်တမ်းတင်ပေးရန်နှင့် စပ်လျဉ်းတဲ့မေးခွန်းများနှင့် ပတ်သက်ပြီးတော့မှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား ကျွန်တော်က ပြန်လည်ရှင်းလင်း ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးဟာ မိမိတို့နိုင်ငံရဲ့စီမံကိန်း များအတွက် အခြေခံထားရမယ့် စာရင်းဇယားများကို သန်းခေါင်စာရင်းအမျိုးမျိုးဖြင့် ကောက်ယူပြီး တော့မှ အသုံးပြုလာကြပါတယ်။ သန်းခေါင်စာရင်း တစ်မျိုးတည်းဖြင့် လိုအပ်ချက်အားလုံးအား မလွှမ်းခြုံနိုင်တဲ့အခါမှာ လူဦးရေသန်းခေါင်စာရင်း၊ လယ်ယာသန်းခေါင်စာရင်း၊ သစ်တောသန်းခေါင် စာရင်း၊ စက်မှုလက်မှုသန်းခေါင်စာရင်းအစရှိသဖြင့် သန်းခေါင်စာရင်းမျိုးစုံ ကောက်ယူလေ့ရှိကြ ပါတယ်။ ထို့အပြင် အချိန်နှင့် ကုန်ကျစရိတ်ပေါ်မူတည်၍ အချို့သော အချက်အလက်များအား သန်းခေါင်စာရင်းကောက်ယူရာမှာ ထည့်သွင်းကောက်ယူခြင်း မရှိပါက သီးခြားခေါင်းစဉ်အလိုက်

စစ်တမ်းများဖြင့်သာ အစားထိုးကောက်ယူလေ့ရှိကြပါတယ်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံမှာ လူဦးရေ သန်း ၁၂၀၀ ကျော်မှာ လူမျိုးစုပေါင်းများစွာရှိခြင်း၊ ဇာတ်စနစ်များ အမျိုးမျိုးကွဲပြားခြင်းကြောင့် ၂၀၁၁ ခုနှစ် လူဦးရေသန်းခေါင်စာရင်း ကောက်ယူရာမှာ လူမျိုးနှင့် ဇာတ်ကိုသာမေးမြန်း၍ အခြားလူမျိုး များနှင့်ပတ်သက်သည့် အသေးစိတ်မေးခွန်းများကို ထည့်သွင်းမေးမြန်းခြင်းမပြုဘဲ သန်းခေါင်စာရင်း ကောက်အပြီး နောက်တစ်နှစ်အကြာတွင်မှသာ လူမှုစီးပွားရေးစစ်တမ်းများအဖြစ် ကောက်ယူသွားခဲ့ သည်ဟုလည်း သိရှိရပါတယ်ခင်ဗျား။

၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံမှာကောက်ယူမည့် သန်းခေါင်စာရင်းဟာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဖြစ်ပါသည်။ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဟာ ယေဘုယျအားဖြင့် လုပ်ငန်းပမာဏကြီးမားခြင်း၊ ငွေကြေးကုန်ကျများပြားသည့်လုပ်ငန်းဖြစ်သဖြင့် နိုင်ငံအများစုမှာ ၁၀ နှစ်လျှင် တစ်ကြိမ်သာကောက်ယူနိုင်သည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ တွင်မူ အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်းမကောက်ယူနိုင်သည်မှာ နှစ် ၃၀ ကြာမြင့်ပြီ ဖြစ်တဲ့အတွက် တိကျမှန်ကန်သော လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ ရရှိရန် ပြည်တွင်းနှင့် နိုင်ငံတကာအကြံပေးများ၏ အကြံဉာဏ်ကိုရယူ၍လည်းကောင်း၊ နိုင်ငံ၏ လိုအပ်ချက်များကို အခြေခံ၍လည်းကောင်း နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် နိုင်ငံတော်အတွက် လိုအပ်ချက်များကို ဖော်ထုတ်ဖြည့်ဆည်းနိုင်ရန်အတွက် သန်းခေါင်စာရင်းမေးခွန်းပုံစံဟာ အလွန်အရေးအကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံနှင့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာမှာ ကုလသမဂ္ဂစာရင်းအင်းဌာနက ၂၀၀၈ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများအတွက် အခြေခံထားရမည့်အချက်များနှင့် အကြံပြုချက် စာအုပ်အပေါ်အခြေခံထား၍ အဓိကထားမေးမြန်းရမည့်ကဏ္ဍများနှင့် ထပ်ပေါင်းမေးမြန်းနိုင်သည့် ကဏ္ဍများအရ သန်းခေါင်စာရင်းမေးခွန်းများကို ပြုစုထားခြင်းပဲဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှာ အသုံးပြုမည့်မေးခွန်းပုံစံနှင့်ပတ်သက်၍ ပြည်တွင်း ပြည်ပမှ ပညာရှင်များနှင့် ဦးစီးဌာနမှ ပညာရှင်များပူးပေါင်း၍ ယခင်ပြည်တွင်းအတွေ့အကြုံ များအပေါ်မှာအခြေခံ၍လည်းကောင်း၊ အထက်အပိုဒ်ပါ ကုလသမဂ္ဂစာရင်းအင်းဌာန၏

အကြံပြုချက်စာအုပ်ကို အခြေခံ၍လည်းကောင်း မေးခွန်းပုံစံအား အကြိမ်ပေါင်းများစွာဆွေးနွေးခြင်း၊ ဖော်ထုတ်ခြင်းများပြုလုပ်ခဲ့ပြီး မေးခွန်းပုံစံမူကြမ်းအား ပထမအဆင့်ဖော်ထုတ်ခဲ့ပါတယ်။ ၎င်းနောက် ပေါ်ထွက်လာသော မေးခွန်းပုံစံမူကြမ်းအပေါ်မှာအခြေခံ၍ နိုင်ငံတော်၏ လက်ရှိနှင့် အနာဂတ် စီမံကိန်းများအတွက် အမှန်တကယ်လိုအပ်ချက်နှင့်အညီ ပြုစုနိုင်ရန်အတွက် အချက်အလက် အသုံးပြုသူများ အလုပ်ရုံဆွေးနွေးပွဲအား ဝန်ကြီးဌာနအသီးသီးနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ အချက်အလက်အသုံးပြုသူ အဖွဲ့အစည်းများကို ဖိတ်ကြား၍ နေပြည်တော်တွင် တစ်ကြိမ်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် သံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများကို ဖိတ်ကြား၍ ရန်ကုန်မြို့တွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်ပြုလုပ်ခဲ့ပြီး လိုအပ်သော အကြံဉာဏ်များကို ရယူပြင်ဆင်ခဲ့ပါတယ်။ ၎င်းနောက် ရရှိလာသော ဒုတိယအကြိမ်မူကြမ်းအား ဗဟိုသန်းခေါင်စာရင်းကော်မရှင်ထံ ရှင်းလင်း တင်ပြပြီး နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက်ရယူခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ကောက်ယူမည့် သန်းခေါင်စာရင်းမေးခွန်းပုံစံတွင် မေးခွန်းပေါင်း ၄၁ ခုပါဝင်ပါတယ်။ ၎င်းတို့မှာ အမည်၊ အိမ်ထောင်ဦးစီးနှင့်တော်စပ်ပုံ ကျား၊မ ပြည့်ပြီးအသက်၊ အိမ်ထောင်ရေး အခြေအနေ၊ ကိုးကွယ်သည့်ဘာသာ၊ လူမျိုး၊ ကိုင်ဆောင်သည့် ကတ်ပြားအမျိုးအစား မသန်စွမ်းမှု အခြေအနေ ပြောင်းရွှေ့သွားလာခြင်းအကြောင်းအရာ၊ ပညာရေးအကြောင်းအရာ၊ လုပ်သားအင်အား အကြောင်းအရာ၊ မွေးဖွားခြင်း/ ကလေးသေဆုံးခြင်းအကြောင်းအရာ၊ အိမ်အကြောင်းအရာများ နိုင်ငံခြားရောက် အိမ်ထောင်စုဝင်များနှင့် သေဆုံးခြင်းအကြောင်းအရာများပါဝင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းစီမံချက်အရ သန်းခေါင်စာရင်း ကောက်ယူမည့် ကာလမှာ ၁၂ ရက်သာသတ်မှတ်ထား၍ စာရင်းကောက်တစ်ဦးဟာ တစ်ရက်လျှင် အနည်းဆုံး ၁၀ အိမ်ကျော်ကောက်ယူရမှာဖြစ်ပါတယ်။ လက်ရှိအတည်ပြုထားသည့် မေးခွန်း ၄၁ ချက်အား မေးမြန်း ဖြည့်သွင်းပါက မိသားစုပုံမှန် ၅ ဦးခန့်ရှိသော အိမ်ထောင်စုတွင် မိနစ် ၄၀ ခန့်ကြာမည်ဖြစ်၍ ၁၂ အိမ် အတွက် ၈ နာရီခန့်ကြာမြင့်မည်ဖြစ်ပါတယ်။ မေးခွန်း ၄၁ ချက်ထက်ပိုမိုလာပါက စာရင်းကောက် တစ်ဦးဟာ တစ်ရက်လျှင် ၈ နာရီထက်ပိုမို၍ စာရင်းကောက်ယူရမည့် အခြေအနေသို့ ရောက်ရှိမည် ဖြစ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်းပါကဏ္ဍများအနက် အောက်တင်ပြပါအချက်များမှာ ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မေးခွန်းပုံစံတွင် ခြုံငုံပါရှိပြီး ဖြစ်ပါတယ်။

ပထမဦးစွာ အလုပ်အကိုင်နှင့် ဆင်းရဲနွမ်းပါးမှုကဏ္ဍတွင် ပြည်ပနိုင်ငံများသို့ ထွက်ခွာအလုပ်လုပ်နေသော လူဦးရေရရှိရေးမေးခွန်းပါဝင်ရေးနှင့်ပတ်သက်၍ မိမိမေးခွန်းနံပါတ် ၄၀ ဖြစ်သည့် အိမ်ထောင်စုသားများထဲမှ နိုင်ငံခြားသို့ရောက်ရှိနေသူ အရေအတွက်မေးခွန်းတွင် နိုင်ငံခြားသို့ရောက်ရှိနေသူ၏အမည်၊ အိမ်ထောင်ဦးစီးနှင့်တော်စပ်ပုံ၊ ပြည့်ပြီးအသက်၊ ကျား၊မ၊ မြန်မာနိုင်ငံမှ ထွက်ခွာသည့်ခုနှစ်၊ ရောက်ရှိနေထိုင်သည့် နိုင်ငံစသည့်အချက်များကို မေးမြန်းရယူသွားမှာဖြစ်ပါတယ်။ ဒေသအလိုက်ကျန်ရှိနေသည့် အလုပ်လက်မဲ့ဦးရေရရှိရေးကိုလည်း မိမိ သန်းခေါင်စာရင်းမေးခွန်းနံပါတ် ၂၂ ဖြစ်သည့် သန်းခေါင်စာရင်းနေ့မတိုင်မီ ၇ ရက်အတွင်း သင်မည်သည့် အလုပ်မျိုးလုပ်ခဲ့ပါသလဲဆိုသည့် မေးခွန်းမှလည်းကောင်း၊ မေးခွန်းနံပါတ် ၂၃ ဖြစ်သည့် လွန်ခဲ့သော ၁၂ လအတွင်း သင်မည်သည့်အလုပ်မျိုးလုပ်ခဲ့ပါသလဲဆိုသည့် မေးခွန်းမှလည်းကောင်း အသေးစိတ်တွက်ချက်ရရှိနိုင်မှာဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွင် အခြေခံပညာမူလတန်းအဆင့်စာတတ်မြောက်မှုအရေအတွက် ကျောင်းစာသင်ခန်းများကို ရောက်ရှိလာသော ကျောင်းနေအရွယ်ကလေးအရွယ်အရေအတွက်၊ ရာခိုင်နှုန်းတို့ကို သန်းခေါင်စာရင်းမေးခွန်းနံပါတ် ၁၉ ဖြစ်သည့် ကျောင်းတက်ဆဲ၊ ကျောင်းတက်ဖူးသူ၊ လုံးဝကျောင်းမနေသူ မေးခွန်းမှလည်းကောင်း မေးခွန်းနံပါတ် ၂၀ ဖြစ်သည့် အမြင့်ဆုံးအောင်မြင်သည့် အတန်းမှလည်းကောင်း ရရှိနိုင်မှာပဲဖြစ်ပါတယ်။ အခြားကျန်ရှိသော အချက်အလက်များဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍတွင် မိုးစပါးနှင့် နွေစပါးစိုက်ပျိုးသော မြေဧကနှင့် အထွက်နှုန်း၊ အခြားသီးနှံစိုက်ပျိုးသော မြေဧက၊ ဆည်တမံနှင့် မြစ်ရေတင် စီမံကိန်းများမှာ ရေသွင်းစိုက်ပျိုးနိုင်သော စိုက်ဧကစသည့်အချက်များကို ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ကောက်ယူခဲ့သော လယ်ယာသန်းခေါင်စာရင်းများမှ ရရှိနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အလုပ်အကိုင်နှင့် ဆင်းရဲနွမ်းပါးမှုကဏ္ဍတွင် တစ်ရက်လျှင် ဝင်ငွေ ၂ ဒေါ်လာနှင့် ညီမျှသော ကျပ်ငွေထက်နည်းသောလုပ်ခရရှိသူ ဆင်းရဲနွမ်းပါးသူဦးရေကို မိမိတို့ကောက်ယူမည့် လူဦးရေသန်းခေါင်စာရင်းတွင် ထည့်သွင်းမေးမြန်းထားခြင်းမရှိပါ။ လူဦးရေသန်းခေါင်စာရင်းများတွင် လူတစ်ဦးစီ၏ဝင်ငွေကိုမေးမြန်းပါက အချိန်နှောင့်နှေးကြန့်ကြာစေပြီး အဖြေမှန်ရလေ့မရှိသည့်အတွက် ပြည်တွင်းပြည်ပပညာရှင်များနှင့် ကုလသမဂ္ဂစာရင်းအင်းဌာနမှ အကြံပြုချက်စာအုပ်တွင် ထိုမေးခွန်းကို မေးမြန်းနိုင်သော်လည်း မေးမြန်းရန်မသင့်ကြောင်း ဖော်ပြထားသဖြင့် ချန်လှပ်ထားခဲ့ခြင်းဖြစ်ပါတယ်။

ပညာရေး၊ ကျန်းမာရေးကဏ္ဍတွင် မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများသို့ အမှန်ရောက်ရှိတာဝန်ထမ်းဆောင်နိုင်သော ဆရာဝန်အရေအတွက်ကို လူဦးရေသန်းခေါင်စာရင်းမှ တိုက်ရိုက်မရရှိနိုင်သော်လည်း မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများမှ ဆရာဝန်လိုအပ်ချက်နှင့် တာဝန်ထမ်းဆောင်ရန်ခန့်ထားမှုကို ကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းဇယားများမှ ရရှိနိုင်မှာဖြစ်ပါတယ်။ လူဦးရေသန်းခေါင်စာရင်းမှ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်အထိ လူဦးရေကိုရရှိနိုင်သဖြင့် လက်ရှိဖွင့်လှစ်ထားသည့် ကျေးလက်ကျန်းမာရေးဌာနခွဲ အရေအတွက်၊ ခန့်ထားပြီးကျန်းမာရေးမှူး၊ သူနာပြုနှင့်သားဖွားဝန်ထမ်း အရေအတွက်နှင့်နှိုင်းယှဉ်၍ တိုးချဲ့ဖွင့်လှစ်ပေးရန်လိုအပ်သော ကျေးလက်ကျန်းမာရေးဌာနခွဲ အရေအတွက်၊ တိုးချဲ့ခန့်အပ်ပေးသင့်သော ကျန်းမာရေးမှူး၊ သူနာပြုနှင့်သားဖွားဝန်ထမ်း အရေအတွက်ကိုလည်း ခန့်မှန်းတွက်ချက်နိုင်မှာဖြစ်ပါတယ်။

ဆက်လက်ပြီး ပို့ဆောင်ရေး၊ ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ ကျေးရွာနှင့်မြို့ ဆက်သွယ်သောလမ်းများနှင့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန်လိုအပ်သော မြို့နယ်နှင့် ကျေးရွာများ၊ ကျေးလက်စာတိုက်များ၊ ကြေးနန်းရုံးနှင့်ကြိုးမဲ့တယ်လီဖုန်း တည်ဆောက်တပ်ဆင်ပေးရန် လိုအပ်သော ကျေးရွာများ အစရှိသည့်အချက်အလက်များကို လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများတွင် ထည့်သွင်းမေးမြန်းလေ့မရှိကြပါ။ အဆိုပါအချက်အလက်များကို လူဦးရေနှင့်သန်းခေါင်စာရင်းလုပ်ငန်း ဆောင်ရွက်ပြီးချိန်တွင် ရပ်ရွာဒေသဖွံ့ဖြိုးမှုစစ်တမ်းများမှ ရရှိနိုင်မှာဖြစ်ပါတယ်။ အလားတူဒေသတစ်ခုလျှင် ထွက်ကုန်တစ်မျိုးမေးခွန်းနှင့်ပတ်သက်၍ အဆိုပါ အချက်အလက်များဟာ ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြဋ္ဌာန်းထားသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ ဖွဲ့စည်းခန့်အပ်ထား သည့်သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ စာရင်းဇယားများမှတစ်ဆင့် ရရှိနိုင်သည့် အချက်အလက်များဖြစ်သဖြင့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း မေးခွန်းပုံစံတွင် ထည့်သွင်းမေးမြန်းထားခြင်းမရှိကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ သန်းခေါင်စာရင်းမေးခွန်းများဟာ လူတိုင်းကိုမေးမြန်းရန်ဖြစ်သည့်အတွက် မေးခွန်း တစ်ခုတိုးတိုင်း မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေဖြစ်သည့် လူသန်း ၆၀ ခန့်ကို မေးမြန်းရာတွင် အချိန်ပိုမို ကြာမြင့်ပြီး စာရင်းကောက်ယူခြင်းလုပ်ငန်းသည် သတ်မှတ်ရက်အတွင်း ပြီးစီးနိုင်မည်မဟုတ်ပါ။ ထို့အပြင် မေးခွန်းပုံစံတွင် စာမျက်နှာများတိုးလာပြီး အိမ်ထောင်စု ၁၂ သန်းခန့်အတွက် မေးခွန်းပုံစံများ

ရိုက်နှိပ်ရာတွင်လည်းကောင်း၊ ပိုမိုလိုအပ်လာမည့် စာရင်းကောက်များအတွက် နေ့တွက်စရိတ်နှင့် ဝတ်စုံစရိတ်အတွက်လည်းကောင်း၊ ဘဏ္ဍာငွေလိုအပ်ချက်များစွာ တိုးမြင့်လာနိုင်ခြင်းစသည့် နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်လာနိုင်မှာဖြစ်ပါတယ်။ အချို့နိုင်ငံများမှ လူဦးရေသန်းခေါင်စာရင်းများဟာ မေးခွန်းများကို အလွန်များပြားစွာ မေးမြန်းခဲ့သည့်အတွက် အချိန်၊ လူအင်အားနှင့် ငွေကြေးများစွာစိုက်ထုတ်သုံးစွဲခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့သည့် သာဓကများစွာလည်း ရှိခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမေးခွန်းပုံစံတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသော ပါဝင်စေလိုသည့် အချက်အလက်အတော်များများ လွှမ်းခြုံပါဝင်ခဲ့ပြီးဖြစ်ပါတယ်။ လုပ်အား၊ အချိန်၊ ငွေကြေးသုံးစွဲရမှုနှင့် အရည်အသွေးရှိသော ကိန်းဂဏန်းများရရှိရေးကို ချိန်ထိုးစဉ်းစားဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် အခြားထပ်မံလိုအပ်မည့် အကြောင်းအရာများကို ဦးစားပေးမေးခွန်းများမှ ရရှိသော ကိန်းဂဏန်းများအပေါ်မှာအခြေခံ၍ တွက်ချက်ခြင်း သို့မဟုတ် စစ်တမ်းများဖြင့် ဖြည့်စွက်ကောက်ယူ၍ အစားထိုးကောက်ယူမည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်နေပါကြောင်း လေးစားစွာ ဖြေဆိုတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ် အနောက်ဘက်ခြမ်းစည်းရိုးတစ်လျှောက် ကင်းလှည့်လမ်းများ၊ ချဉ်းကပ်လမ်းများ ဖောက်လုပ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံး ကျန်းကျန်းမာမာရှိကြပါစေ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို လေးစားစွာဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးထွန်းအောင်ကျော်မှ ရခိုပြည်နယ်အနောက်ဘက်ဒေသနှင့်စပ်လျဉ်းတဲ့အခြေအနေများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့အနောက်ဘက် ရခိုင်ပြည်နယ်ဟာ ဘင်္ဂလားပင်လယ်အော်နဲ့ ဆက်စပ်တည်ရှိတဲ့အပြင် မြစ်ကြီးများ၊ ချောင်းများပေါများပြီးတော့ ပင်လယ်ထွက်ပေါက်များတဲ့ဒေသ

တစ်ခုဖြစ်သလို အနောက်ဘက်မှာ လူဦးရေသိပ်သီးထူထပ်တဲ့ အိမ်နီးချင်းနိုင်ငံတစ်ခုနဲ့ နယ်စပ်ချင်းမိုင် ၂၅၀ လောက်ဆက်စပ်တည်ရှိနေပါတယ်။ ဒီလို သွင်ပြင်လက္ခဏာကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အင်္ဂလိပ်နယ်ချဲ့အုပ်စိုးစဉ် အခြေအနေကြောင့်လည်းကောင်း၊ ခေတ် အဆက်ဆက်နိုင်ငံရေးပါတီများရဲ့ တာဝန်မဲ့လုပ်ရပ်တွေကြောင့်လည်းကောင်း၊ လွတ်လပ်ရေးရပြီးစအချိန်အခါက နိုင်ငံမတည်ငြိမ်မှုအခြေအနေများကြောင့်လည်းကောင်း ကျွန်တော်တို့ ရခိုင်ပြည်နယ်ကို အိမ်နီးချင်းနိုင်ငံရဲ့နိုင်ငံခြားသားများ စဉ်ဆက်မပြတ်တရားမဝင် ဝင်ရောက်လာမှုတွေ အစဉ်မပြတ်ရှိခဲ့ပါတယ်။ ဒီလိုအခြေအနေကြောင့် ရခိုင်ပြည်နယ်ရဲ့လူဦးရေအခြေအနေကိုပြန်ကြည့်လို့ရှိရင် ရခိုင်ပြည်နယ်ရဲ့မြို့နယ်တွေဖြစ်တဲ့ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်တို့အပြင်မှာ တိုင်းရင်းသားလူဦးရေ၊ လက်ရှိလူဦးရေတွေကို နိုင်ငံခြားသား၊ ဒီတိုင်းရင်းသားမဟုတ်တဲ့လူဦးရေတွေက လွှမ်းမိုးကျော်လွှားပြီးဖြစ်တဲ့အပြင် လက်ရှိစစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်တွေမှာ တိုင်းရင်းသား လူဦးရေကိုကျော်လွန်လွှမ်းမိုးတော့မယ့်အခြေအနေတွေကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုအခြေအနေကြောင့်ပဲ ကျွန်တော်တို့ရခိုင်ပြည်နယ်မှာ မလိုလားအပ်တဲ့ တိုင်းရင်းသားများနဲ့ ပြဿနာတွေကြီးမားစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့အပြင် ဒီ ၂၀၁၂ မကုန်ခင်ကာလပိုင်းနဲ့ ၂၀၁၃ နှစ်ဆန်းပိုင်းလောက်မှာ ရခိုင်ပြည်နယ် အနောက်ဘက်မောင်တောမြို့နယ်မှာ လက်နက်ကိုင်တိုက်ခိုက်မှု ၃ ကြိမ်တိုင်တိုင်ဖြစ်ပွားခဲ့ပြီးတော့ အသေအပျောက်ရှိခဲ့ပါတယ်။ လူအသေအပျောက်တွေရှိခဲ့ပါတယ်။ ဒီလိုအခြေအနေတွေကြောင့် အနောက်ဘက်ဒေသ ရခိုင်ပြည်နယ်အပါအဝင် ကျွန်တော်တို့ ပြည်ထောင်စုတစ်ခုလုံးရဲ့တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ဘယ်လိုအန္တရာယ် တစ်စုံတစ်ရာမျှမကျရောက်စေရေးအတွက် အလွန်အလေးဂရုပြုပြီးတော့ စူးစိုက်ဆောင်ရွက်သင့်ပြီလို့ ကျွန်တော့်အနေနဲ့ ရိုးသားစွာယုံကြည်ပါတယ်။ သို့ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းခွင့်ပြုပါရန် ရိုသေစွာပန်ကြားအပ်ပါတယ်ခင်ဗျား-

(၁) ရခိုင်ပြည်နယ်အနောက်ဘက်အိမ်နီးချင်းနိုင်ငံမှာ နိုင်ငံရဲ့နယ်စပ်ကင်းစခန်းများ နယ်မြေများသို့ဆက်သွယ်သွားလာမှုလွယ်ကူစေရန် အမာခံလမ်းမကြီးများ ဥဒဟိုဖောက်လုပ်ထားရှိပါတယ်။ မိမိတို့နိုင်ငံအနောက်ဘက်နယ်စပ်မျဉ်းတစ်လျှောက်မှာ နယ်စပ်ခြံစည်းရိုးများကာရံထားရှိသော်လည်း ဆက်သွယ်သွားလာမှုလွယ်ကူစေရန် နယ်စပ်ခြံစည်းရိုးတစ်လျှောက် အမာခံကင်းလှည့်လမ်းများ၊ ချဉ်းကပ်လမ်းများဖောက်လုပ်ပေးရန် လိုအပ်

လျက်ရှိနေပါသေးတယ်။ သို့ဖြစ်ပါ၍ နယ်စပ်ခြံစည်းရိုး တစ်လျှောက်အမာခံကင်းလှည့် လမ်းများ၊ ချဉ်းကပ်လမ်းများဖောက်လုပ်ပေးနိုင်ပါရန်အစီအစဉ်ရှိ၊ မရှိသိလိုပါတယ်။

(၂) ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်အတွင်းမှာရှိတဲ့ ဘူးသီးတောင်-မောင်တောကားလမ်း၊ မောင်တော-တောင်ပြိုကားလမ်း၊ မောင်တော-အင်ူဝေါ်ကားလမ်း တွေဟာ ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ကြမ်းလမ်းများအဆင့်သာဖြစ်ပြီးတော့ တောင်ပြို-ဗန္ဓုလကားလမ်းဟာ သာမန်မြေလမ်းအဆင့်သာရှိပါသေးတယ်။ မိုးတွင်းမှာ လုံးဝသုံးလို့မရတဲ့အခြေအနေဖြစ်ပါတယ်။ တံတားများမှာလည်း တည်ဆောက်ပြီးစီးချိန် ကြာမြင့်လာတာနဲ့အမျှ ကြံ့ခိုင်မှုအားနည်းလာတဲ့အတွက် မကြာခဏပြုပြင်ခြင်းများ ဆောင်ရွက်နေရပါတယ်။ အဆိုပါလမ်းတံတားများဟာ ပြည်တွင်းရန်၊ ပြည်ပရန် ကာကွယ်ရေးအတွက် လိုအပ်ပါက အချိန်မရွေးသွားလာအသုံးပြုရမည့် လမ်းတံတားများ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် အဆိုပါလမ်းတံတားများကို အမြန်ဆုံး အချိန်တိုအတွင်း အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ပေးနိုင်ရန်အစီအစဉ်ရှိ၊ မရှိသိလိုပါကြောင်း

လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော်၏ ရခိုင်ပြည်နယ်အနောက်ဘက် အိမ်နီးချင်းနိုင်ငံတွင် ၎င်းတို့၏နိုင်ငံနယ်စပ်ကင်းစခန်းများ၊ နယ်မြေ များသို့ဆက်သွယ်သွားလာမှုလွယ်ကူစေရန် လမ်းမကြီးများဥဒဟိုဖောက်လုပ်ထားရှိပြီးတော့ မိမိတို့ နိုင်ငံအနောက်ဘက်ဒေသ နယ်စပ်မျဉ်းတစ်လျှောက် နယ်စပ်ခြံစည်းရိုးများကာရံထားရှိသော်လည်း ဆက်သွယ်သွားလာမှုလွယ်ကူစေရန် နယ်စပ်ခြံစည်းရိုးတစ်လျှောက် ကင်းလှည့်လမ်းများ၊ ချဉ်းကပ် လမ်းများဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်ပတ်သက်လို့ ကြယ်ပွင့်ပြမေးခွန်းကို ပြည်သူ့

လွှတ်တော်မှပေးပို့လာမှုနှင့်ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးကိုယ်စား ပြန်လည်ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တစ်လျှောက် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းမှာ ကင်းစခန်းတစ်ခုနှင့် တစ်ခုဆက်သွယ်ထားသောလမ်းများနှင့် ခြံစည်းရိုးတစ်လျှောက်ကင်းလှည့် လမ်းများကိုဖောက်လုပ်ရန်ထည့်သွင်းဆောင်ရွက်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ငွေအပ်လုပ်ငန်း (Deposit Work) အဖြစ် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခြံစည်းရိုးပထမအဆင့်အား နယ်မြေ (၃၊ ၄၊ ၅၊ ၆၊ ၇)ရှိ ကင်းစခန်းများသို့ ဆက်သွယ်နိုင်ရေးအတွက် ကျောက်ခင်းလမ်းအကျယ် ၁၂ ပေ၊ အရှည် ၆၀ မိုင် ၃ ဖာလုံနှင့် ကျောက်ရောမြေလမ်း ၃၈ မိုင် ၄ ဖာလုံဖောက်လုပ်ခြင်းအနေဖြင့်ဆောက်ရွက်ပြီးစီးမှုမှာ ရာခိုင်နှုန်းအားဖြင့် ၁၀၀ ရာခိုင်နှုန်း၊ စုစုပေါင်း ၉၈ မိုင် ၇ ဖာလုံအားလည်းကောင်း၊ ခြံစည်းရိုးတစ်လျှောက်ကင်းလှည့်နိုင်ရေးအတွက် ကျောက်ခင်းလမ်းအကျယ် ၁၂ ပေ၊ အရှည် ၄၀ မိုင် ၄ ဖာလုံ ဖောက်လုပ်ခြင်းအနေဖြင့်ဆောက်ရွက်ပြီးစီးမှုမှာ ရာခိုင်နှုန်းအားဖြင့် ၁၀၀ ရာခိုင်နှုန်း၊ ၄၀ မိုင် ၄ ဖာလုံ အားလည်းကောင်း ဖောက်လုပ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာခြံစည်းရိုးဒုတိယအဆင့်အား နယ်မြေ (၁၊ ၂၊ ၃) ရှိ ကင်းစခန်းများသို့ ဆက်သွယ်နိုင်ရေးအတွက်ကျောက်ခင်းလမ်းအကျယ် ၁၂ ပေ၊ အရှည် ၄၃ မိုင် ၂ ဖာလုံဖောက်လုပ်ခြင်းအနေဖြင့် ဆောင်ရွက်ပြီးစီးမှုမှာရာခိုင်နှုန်းအားဖြင့် ၃၂.၆၆ ရာခိုင်နှုန်း၊ မြေသားလမ်း ၂၈ မိုင် ၂ ဖာလုံကိုလည်းကောင်း၊ ခြံစည်းရိုးတစ်လျှောက်ကင်းလှည့်နိုင်ရေးအတွက် ကျောက်ခင်းလမ်းအကျယ် ၁၂ ပေ၊ အရှည် ၄၂ မိုင် ၁ ဖာလုံဖောက်လုပ်ခြင်းအနေဖြင့် ဆောင်ရွက်ပြီးစီးမှုမှာရာခိုင်နှုန်းအားဖြင့် ၂၉.၉၇ ရာခိုင်နှုန်း၊ မြေသားလမ်း ၂၅ မိုင် ၂ ဖာလုံအား ဖောက်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အချုပ်အားဖြင့်တင်ပြရရင် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တစ်လျှောက်ခြံစည်းရိုးကာရံခြင်း ပထမ၊ ဒုတိယအဆင့်တွင် ကင်းစခန်းများသို့ဆက်သွယ်သွားလာနိုင်ရေးအတွက် ကျောက်ခင်းလမ်း ၁၀၃ မိုင် ၅ ဖာလုံ၊ ကျောက်ရောမြေလမ်း ၃၈ မိုင် ၄ ဖာလုံ၊ စုစုပေါင်း ၁၄၂ မိုင် ၁ ဖာလုံနှင့် နယ်စပ်ခြံစည်းရိုးတစ်လျှောက်ကင်းလှည့်နိုင်ရေးအတွက် ကျောက်ခင်းလမ်းစုစုပေါင်း ၈၂ မိုင် ၅ ဖာလုံဖောက်လုပ်နိုင်ရေးဆောက်ရွက်လျက်ရှိပါကြောင်းပြောကြားရင်းနဲ့ ကျွန်တော်၏ဖြေကြားချက်အား နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးကော်မတီနဲ့ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌများက အခု ဒုတိယမေးခွန်းဖြစ်တဲ့ အင်ူအဝ၊ အလယ်သံကျော်၊ အလယ်သံကျော်က မြောက်ဘက်ဆက်ပြီးတော့ဖောက်တဲ့လမ်း ဒီနှစ်ဘတ်ဂျက်မှာပါရှိခြင်းရှိ၊ မရှိ။ တကယ်လို့မပါဘူးဆိုလို့ရှိရင် အလေးထားဆောင်ရွက်ရမည့်ကိစ္စဖြစ်တဲ့အတွက် လာမည့် Supplementary မှာပါရှိနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်ထားဖို့လိုပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေးပြီး ၂၂-၂-၂၀၁၃ ရက်နေ့က အတည်ပြုခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေကို အမျိုးသားလွှတ်တော်သို့ ၂၂-၂-၂၀၁၃ ရက်နေ့တွင်ပေးပို့ခဲ့ပါတယ်။ ဒီနည်းဥပဒေကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ယနေ့လွှတ်တော်သို့အသိပေးတင်ပြပြီး ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနဲ့စပ်လျဉ်းပြီး ကွဲလွဲချက် ၁၀ ချက်ရှိကြောင်းလည်း တွေ့ရပါတယ်။ ကွဲလွဲချက် ၁၀ ချက်နဲ့စပ်လျဉ်းပြီး ဆွေးနွေးတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(မော်လမြိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ် မော်လမြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ် ဖြစ်ပါတယ်။ ကျွန်မမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် တင်ပြလာမှုအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီကိုယ်စား ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။ အကြောင်းအရာနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့်တင်ပြလာမှုအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း။

၁။ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများကို ပြည်သူ့လွှတ်တော်၌စတင်ဆွေးနွေးခဲ့ပြီး ၂၂-၂-၂၀၁၃ နေ့တွင် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက် ၆၆ ချက်ဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။

၂။ ယင်းနည်းဥပဒေများကို ၈-၃-၂၀၁၃ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြည်သူ့လွှတ်တော်အတည်ပြုချက်များပေါ်တွင် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း အမျိုးသားလွှတ်တော်မှ အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၃။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပေးပို့လာသည့် ယင်းနည်းဥပဒေများတွင် အချက် ၇၂ ချက်ပါရှိပြီး ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် ၆၂ ချက်ကို သဘောတူညီခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အပေါ် သဘောမတူသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ရန်အတည်ပြုချက် ၁၀ ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အခန်း(၂) နည်းဥပဒေ ၃ နည်းဥပဒေခွဲ(ဆ) အသစ်ဖြည့်စွက်ချက် စာမျက်နှာ ၂ အမှတ်စဉ်(၂)၊

(၂) အခန်း(၃) နည်းဥပဒေ ၂၀ စာမျက်နှာ ၄ အမှတ်စဉ်(၈)၊

(၃) အခန်း(၃) အခန်း(၁) နည်းဥပဒေ ၅၉ စာမျက်နှာ ၉ အမှတ်စဉ်(၂၁)၊

(၄) အခန်း(၁၀) နည်းဥပဒေ ၆၁ စာမျက်နှာ ၉ အမှတ်စဉ်(၂၂)၊

(၅) အခန်း(၁၁) နည်းဥပဒေ ၆၇ စာမျက်နှာ ၁၀ အမှတ်စဉ်(၂၄)၊

(၆) အခန်း(၁၁) နည်းဥပဒေ ၇၄ စာမျက်နှာ ၁၀ အမှတ်စဉ်(၂၅)၊

(၇) အခန်း(၁၄) နည်းဥပဒေ ၁၀၀ စာမျက်နှာ ၁၃ အမှတ်စဉ်(၃၁)၊

(၈) အခန်း(၁၅) နည်းဥပဒေ ၁၀၅ စာမျက်နှာ ၁၄ အမှတ်စဉ်(၃၃)၊

(၉) အခန်း(၁၅) နည်းဥပဒေ ၁၁၄ စာမျက်နှာ ၁၅ အမှတ်စဉ်(၃၆)၊

(၁၀) အခန်း(၁၅) နည်းဥပဒေ ၁၂၁ စာမျက်နှာ ၁၆ အမှတ်စဉ်(၃၈)၊

၅။ ယင်းသို့ သဘောမတူသည့် အပိုဒ် ၁၀ ချက်အပေါ်တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၁-၃-၂၀၁၃ ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်

သုံးသပ်ရေးကော်မရှင်နှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး လေ့လာစိစစ်ခဲ့ကြရာအောက်ပါ ပြင်ဆင်ချက် ၇ ချက်သည် အမျိုးသား၏ ပြင်ဆင်ချက်များအတိုင်း သဘောတူညီသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁) အခန်း(၂) နည်းဥပဒေ ၃ နည်းဥပဒေခွဲ(ဆ) အသစ်ဖြည့်စွက်ချက် စာမျက်နှာ(၂)၊ (၂)၊ အမှတ်စဉ်(၂) အခန်း(၁၀) နည်းဥပဒေ ၅၉ စာမျက်နှာ(၉) အမှတ်စဉ်(၂၂)၊ (၃) အခန်း(၁၀) နည်းဥပဒေ ၆၁ စာမျက်နှာ(၉) အမှတ်စဉ်(၂၂)၊ အမှတ်စဉ်(၄) အခန်း(၁၄) နည်းဥပဒေ ၁၀၀ စာမျက်နှာ(၁၃) အမှတ်စဉ်(၃၁)၊ (၅) အခန်း(၁၅) နည်းဥပဒေ ၁၀၅ စာမျက်နှာ(၁၄) အမှတ်စဉ်(၃၃)၊ အမှတ်စဉ်(၆) အခန်း(၁၅) နည်းဥပဒေ ၁၁၄ စာမျက်နှာ(၁၅) အမှတ်စဉ်(၃၆)၊ အမှတ်စဉ်(၇) အခန်း(၁၅) နည်းဥပဒေ ၁၂၁ စာမျက်နှာ(၁၆) အမှတ်စဉ်(၃၈)။

၆။ အောက်ဖော်ပြပါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၃ ချက်ကို သဘောမတူသင့်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ပြဋ္ဌာန်းသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁) အခန်း(၃) နည်းဥပဒေ ၂၀ စာမျက်နှာ(၄) အမှတ်စဉ်(၈)၊ (၂) အခန်း(၁၁) နည်းဥပဒေ ၆၇ စာမျက်နှာ(၁၀) အမှတ်စဉ်(၂၄)၊ (၃) အခန်း(၁၁) နည်းဥပဒေ ၇၄ စာမျက်နှာ(၁၀) အမှတ်စဉ်(၂၅)။

၇။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ သဘောကွဲလွဲချက် ၁၀ ချက်အနက်အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူညီသည့် အချက် ၇ ချက်နှင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိသည့်အချက် ၃ ချက်တို့အား လွှတ်တော်မှအတည်ပြုပေးနိုင်ရန် အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စကားပြေနဲ့ ရှင်းရှင်းပြောရမယ်ဆိုရင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ဆောင်ရွက်လိုက်တဲ့ ပြင်ဆင်အဆိုပြုချက်များအပေါ် အမျိုးသားလွှတ်တော်က ၁၀ ချက်ပြန်ပြီး ပြင်ပါတယ်။ အဲဒီ ၁၀ ချက်ထဲက ၇ ချက်ကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း လက်ခံသင့်တယ်လို့ တင်ပြထားတာဖြစ်ပါတယ်။ ကျန်တဲ့အချက် ၃ ချက်ကတော့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း ထားရှိဖို့ လွှတ်တော်ကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေများနဲ့

စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ပြင်ဆင်ချက် ၇ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့အချက် ၇ ချက်ဖြစ်သော အမှတ်စဉ်(၁) အခန်း(၂) နည်းဥပဒေ ၃ နည်းဥပဒေခွဲ(ဆ) အသစ်ဖြည့်စွက်ခြင်း၊ အခန်း(၁၀) နည်းဥပဒေ ၅၉ နှင့် ၆၁၊ အခန်း(၁၄) နည်းဥပဒေ ၁၀၀ ၊ အခန်း(၁၅) နည်းဥပဒေ ၁၀၅၊ ၁၁၄ နှင့် ၁၂၁ တို့ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း ဤနည်းဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများကို ပြန်လည်ဆွေးနွေးရာ အခန်း(၃) နည်းဥပဒေ ၂၀၊ အခန်း(၁၁) နည်းဥပဒေ ၆၇၊ အခန်း(၁၁) နည်းဥပဒေ ၇၄ တို့ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း ဥပဒေကြမ်းကော်မတီက သဘောမတူကြောင်း တင်ပြလာပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ အရ ဒါကိုပြန်ပြီးတော့ စကားပြေနဲ့ပြောမယ်ဆိုရင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကအတည်ပြုထားတဲ့ တင်ပြပါအပိုဒ် ၃ ပိုဒ်ကို ဥပဒေကြမ်းကော်မတီကလည်း အတည်မပြုနိုင်ဘူး။ ဒီအတိုင်းပဲဆက်လက်ထားရှိသင့်တယ် ဆိုတဲ့ဟာကိုတင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ အရ အမျိုးသား လွှတ်တော်ကပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်တွင်ပြန်လည်ဆွေးနွေးရာ၌ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအား လွှတ်တော်ကသဘောမတူကြောင်းဆုံးဖြတ်လျှင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စု

လွှတ်တော်တွင်ဆွေးနွေးရန်၊ တင်ပြရန်အဆိုတင်သွင်းရမှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရဲ့သဘောထားကွဲလွဲချက် ၃ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူပေးနိုင်ပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ ဦးခင်မောင်ရွှေရဲ့အဆိုအား ထောက်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘောကွဲလွဲခြင်းများကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားရယူပါ့မယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများကို ပြည်သူ့လွှတ်တော်၌ပြန်လည်ဆွေးနွေးခဲ့ရာတွင် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် သဘောထားကွဲလွဲချက်များအတွက် ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅(က)အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၆) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၅) ရက်မြောက်နေ့ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ မတ်လ ၁၃ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို ၁၅း၃၅ နာရီအချိန်တွင်ရပ်နားပါသည်။**]**